www.burmeseclassic.com

# ရွှေကောက်ပွဲအထူး






အိုး၆၀

မှ–အပါတ်စဉ်ကာတွန်းများနှင့်

ဖေသိန်း ဥဒေတမံ–နေ့စဉ်ကာတွန်းများ–

တိယနှိပ်ခြင်း - ၂၀၁၁ ခုနှ

www.burmeselclassic.com

www.burmeseclassic.com

အိုးဝေ မှ "ဥဒေတယံ"

"ဒီမိုကရေစီ ဆိတ်သုန်းပျောက်ကွယ်သည့်တစ်နေ့ သတင်းကာတွန်းများလည်း ဒီမိုကရေစီနဲ့အတူ ပျောက်ကွယ်သွားမယ်။" အဲဒီလို ကာတွန်းဖေသိန်း က ပြောခဲ့ပါတယ်။ ပြောခဲ့တဲ့အတိုင်းပါပဲ သတင်းစာတွေမှာ သူ့ "သတင်းကာတွန်း" တွေပျောက်ကွယ် သွားလိုက်တာ သူ ကွယ်လွန်တဲ့ ၂၀၀၉-ဇွန်လ-၁၉ အထိပါပဲ။

ယနေ့ ဒီမိုကရေစီရောက်ခြည်သစ်ထွက်ပေါ်လာချိန်တွင် သတင်းစာဆရာကြီး ဦးညိုမြ ထုတ်ဝေသည့် "အိုးဝေ" သတင်းစာတွင် ရေးဆွဲခဲ့သည့် "အိုးဝေ နှင့် ဥဒေတယံ" သတင်းကာတွန်း စာအုပ်ထုတ်ဝေခွင့်ရရှိခဲ့ပါ၍ ကာတွန်းဖေသိန်း၏ "သတင်းကာတွန်း" ပရိတ်သတ်အတွက် အထူးတင်ဆက်လိုက်ပါသည်။

( ယခင်ထုတ်ဝေခဲ့သည့် မူရင်းစာအုပ်ပုံစံ ထုတ်ဝေထားပါသည်။)

ထုတ်ဝေသူ

၂၀၁၁

www.burmeselcassic.com

www.burmeseclassic.com

# ကာတွန်းရဲ့ စာနယ်ဇင်းလွတ်လပ်ခွင့်

ဟံသာဝတီ ဦးဝင်းတင်

BURMESE CLASSIC .com

(၁)

ဒီနေ့ကာလမှာ ကျွန်တော်က နိုင်ငံရေးသမားတစ်ပိုင်း ဖြစ်နေပါပြီ။ ကာလရှည်ကြာစွာ သတင်းစာသမား ဘဝနဲ့ ရုန်းကန်ခဲ့ဖူးသူဖြစ်လို့ မကြာခဏဆိုသလို လူငယ်စာနယ်ဇင်းသမားတွေ ကျွန်တော့်ဆီရောက်လာတတ် ပါတယ်။ မေးခွန်းတွေ မေးတတ်ကြပါတယ်။ အမြဲတမ်းလိုလို မေးတတ်တဲ့မေးခွန်းတစ်ခုကတော့ စာနယ်ဇင်း လွတ်လပ်ခွင့်အကြောင်း ဖြစ်ပါတယ်။

စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုတာ ဘာလဲ…

စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုတာ ကကယ်ရှိခဲ့သလား…

ဒီလိုမေးခွန်းတွေက အဖြေရခက်ပါတယ်။ ဖြေရ ကြားရတာ မလွယ်တာထက် ကျွန်တော် မဖြေတတ်တာတွေလည်း ရှိပါတယ်။

မဖြေတတ်တဲ့အဆုံးမှာတော့ ကိုဖေသိန်းရဲ့ "ဥဒေတယံ" ကိုပဲ လက်ညှိုးထိုးပြရပါတော့တယ်။ အခုလည်း ဒီစာအုပ်ကိုဖတ်ရင်း စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုတာ ဘာလဲ… လွတ်လပ်စွာရေးသားခွင့်ဆိုတာ ဘာလဲ… ဆိုတဲ့မေးခွန်းကို ကျွန်တော်ကတော့ ဒီစာအုပ်ထဲမှာ အများအပါဝင်တဲ့ ကာတွန်း ကိုဖေသိန်းရဲ့ "ဥဒေတယံ" တွေ ကိုပဲ ဖတ်ကြည့်ပါလို့ပဲ ဖြေရတော့မှာပါပဲ…။

www.burmeseclassic.com

www.burmeseclassic.com



၁၉၅၇ ခု ဧပြီလ ၁၆ ရက်မှာ သတင်းစာ ဆရာကြီး ဦးသောင်း(အောင်ဗလ)ကြီးမှူးပြီး "ကြေးမုံ"သတင်းစာထုတ်ဝေခဲ့ပါတယ်။ ကျွန်တော်က"အယ်ဒီတာ" ကိုဖေသိန်းက"သတင်းကာတွန်းဆရာ" အဖြစ်နဲ့ နှစ်ယောက်သား ရေစက်ဆုံခဲ့ကြပါတယ်။

"ကြေးမုံ သတင်းစာ"မှာ ကိုဖေသိန်းက"ကြေးမုံ နိတိ"ဆိုပြီး နေ့စဉ် "သတင်းကာတွန်း"တွေကို ပြောင်မြောက်စွာရေးနိုင်တဲ့အချိန် သတင်းတွေ၊ သတင်းဆောင်းပါတွေ၊ အော်သံတွေ၊ ခေါင်းကြီးတွေလည်း လွတ်လွတ်လပ်လပ်ကြီးရေးနိုင်ခဲ့ကြတယ်။

၁၉၅၉-၆၀ ခုနှစ်မှာ ကြေးမုံသတင်းစာတိုက်ကို ဗိုလ်ချုပ်နေဝင်းအစိုးရက ချိတ်ပိတ်ပစ်လိုက်တာနဲ့ "အိုးဝေသတင်းစာ"ပိုင်ရှင်ဦးညိမ်းမြရဲ့ ဖိတ်ခေါ်ချက်အရ ကိုဖေသိန်း နဲ့ နှစ်ယောက်အတူ "အိုးဝေ"ကိုရောက်ခဲ့ကြပြီး ကိုဖေသိန်းလည်း သတင်းကာတွန်းတွေ လက်သံပြောင်ပြောင် နဲ့ လွတ်လွတ်လပ်လပ်ရေးပြန်ပါတယ်။

အဲဒီအချိန်မှာ "ဥဒေတယံ" ပေါ်ထွက်လာတာပဲ။

"ဥဒေတယံ"ဆိုတာ ပရိတ်ကြီး(၁၁)သုတ်ထဲက လွတ်မြောက်မှုကိုဟောတဲ့ "မောရသုတ်"ရဲ့ အစ စကားလုံးကြီး ...။

တစ်နေ့နေ့ တစ်မနက်မနက်မှာ "ဥဒေတယံ" လို့ စာအုပ်ရေးပြီး နှုတ်ဆက်လိုက်ပါမယ်။ ပျော်ရွှင်နိုင်ပါစေသတည်း။

ဟံသာဝတီ ဦးဝင်းတင်
(၂၀၁၁)

www.burmeselcassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

အိုး၀ေ၊ ဥဒေတယ် အပါတ်စဉ် နေ့စဉ်ကာတွန်းများ

ကာတွန်း၊ ဖေသိန်း

**စာမူခွင့်ပြုချက်**

၃၁၀၁၆၀၀၈၁၁

**မျက်နှာဖုံးခွင့်ပြုချက်**

၃၁၀၁၇၆၁၀၁၁

တတိယအကြိမ်

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ။

(အုပ်ရေ - ၅၀၀ )

တန်ဖိုး - ၁၀၀၀ ကျပ်

**မျက်နှာဖုံးသရုပ်ဖော်**

ကာတွန်း၊ ဖေသိန်း

**မျက်နှာဖုံးပုံနှိပ်၊ အတွင်းပုံနှိပ်**

တောက်တောက်ဝင်းပုံနှိပ်တိုက်

**ထုတ်ဝေသူ**

ဒေါ်ခင်လေးနွယ်

ရုပ်ပြောင်စာပေ(ယာယီ-၁၃၄၅)

၅၆၈၊ မာလကာမြို့ (၁၀)ရပ်ကွက်

လှိုင်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၅၃၄၀၂၁

www.burmeselcassic.com

www.burmeseclassic.com

# အိုးဝေနှင့်ဖေသိန်း၊ ဖေသိန်းနှင့်အိုးဝေ

**ကာတွန်း ဖေသိန်း**

အိုးဝေမှမွေးထုတ်ခဲ့သော ကာတွန်း ဆရာ ဦးဖေသိန်း သည် ကြေးမုံ အစရှိသော အခြား သတင်းစာများ၌ ကျဉ် လည်ခဲ့ပြီးနောက်ယနေ့မှစ၍ အိုးဝေ၌သူ၏လက်ရာများကို အပါတ်စဉ်ပြန်လည်ရှုမြင်နိုင် ကြမည် ဖြစ်ကြောင်း။

ပြည်သူ့အိုးဝေ

၂၀-၆-၅၉

၁၉၄၇-ခု နှစ်ကဖေသိန်း အိုးဝေ သတင်း စာတွင် ကာတွန်းများ စတင် ရေးဆွဲခဲ့ပါသည်။ အိုးဝေသတင်းစာမှ ပင် ဖေသိန်း အား သ တင်း စာ လောကသို့ မွေးထုတ် လိုက် ခြင်း ဖြစ်သည်။မွေးထုတ်သူမှာ အိုးဝေ ဦးညိုမြ ဖြစ်၍ ကာတွန်း ပညာ သင်ကြားပေးသူမှာ ကာတွန်းဝိဇ္ဇာ-အလင်္ကာကျော်စွာ ဦးဘဂျမ်းတို့ပင် ဖြစ်ကြောင်း ဤစာအုပ်မှ မှတ်တမ်းတင်ရပေမည်။

ဖေသိန်းသည် အိုးဝေသတင်းစာမှလွင့်သွားကာဟံသာဝတီ၊မြန်မာ့အလင်း၊ ဗမာ့ခေတ်၊ ကြေးမုံ အစရှိသော သတင်းစာများ၌ ကျဉ်လည်ခဲ့ပြီးနောက် အိုးဝေကိုအမည် အမျိုးမျိုးပြောင်းခဲ့သော "ဒေါင်းအိုးဝေ" "မင်္ဂလာအိုးဝေ" တို့နှင့် ၉-နှစ်ခန့်အဆက် ပြတ်လျက်ရှိရာမှ ယခု "ပြည်သူ့အိုးဝေ" ကျမှ ပြန်၍ပြန်ပေါင်းထုတ်မိကာ အပါတ်စဉ် ကာတွန်းရေးဆွဲပေးခဲ့ပါသည်။ ထိုမှ တဖန် နိုင်ငံရေးလှုပ်ရှားမှု ရွေးကောက်ပွဲကြီး နီးကပ် လာမှုတို့ကြောင့် အပါတ်စဉ် ရေးဆွဲရသည်ကိုပင် မဘင်းတိမ်နိုင်၍ "ဥဒေတယံ" ခေါင်းစဉ်ဖြင့် နေ့စဉ်ရေးဆွဲခဲ့ပါသည်။

"ကာတွန်းတခုသည်စုတ်ချက်အနည်းငယ်ကလေးနှင့်ပင် စာလုံးရေ တထောင်းရေးထားသည်ထက် အဓိပ္ပါယ် ကျယ်ဝန်းလှသည်" ဟု အနောက်နိုင်ငံ ကာတွန်း ဆရာကြီးများက ဆိုထားသည်။ သတင်းစာ များ၌ ပါရှိသော ကာတွန်းတခုသည် သတင်းစာ၏ ခေါင်းကြီးနှင့် အတူတူပင်ဖြစ်၏။ ထို့ကြောင့် ဖေသိန်း ၏ကာတွန်း များ၏ အဓိပ္ပါယ်များကို အလွယ် တကူ သဘောပေါက်စေရန် ဖြစ်လိုက်ခဲ့သော သတင်းများကိုပါ ပူးတွဲ ဖေါ်ပြ ထားပါသည်။ သို့သော်-ကာ

www.burmeseclassic.com

www.burmeseclassic.com

တွန်း၏ နောက်ကွယ်မှနက်နဲသောအတွေးအခေါ်များကိုပါ ကြည့်ရှု ခံစားနိုင်မည် ဟုမျှော်လင့်ပါသည်။

ဖေသိန်းသည် ကာတွန်းပညာကို မြတ်နိုး၏၊ ထို့ထက် ဒီမိုကရေစီကို ပို၍မြတ်နိုး၏။ ဒီမိုကရေစီ ဆိတ်သုဉ်းသောကာနေ၌ ကာတွန်းများ သည်လည်း ဒီမိုကရေစီနှင့် အတူပျောက်ကွယ်သွားမည်ကို ယုံကြည်သောကြောင့် ဒီမိုကရေစီတိုက်ပွဲဝင်-ကာတွန်းများအဖြစ် ဤစာအုပ်ငယ်ကို ထုတ်ဝေခြင်းဖြစ်သည်။

ဤစာအုပ်ငယ်သည်-ငယ်ပင် ငယ်ငြား သော်လည်းနိုင်ငံရေးရာဇဝင် စာအုပ်ကလေး အဖြစ်၎င်း၊ နိုင်ငံရေး သမိုင်းငယ်အဖြစ်၎င်း၊ နိုင်ငံရေး-ခုနှစ်စဉ် မှတ်တမ်းလေးအဖြစ်၎င်း၊ လူထုနှင့် နိုင်ငံရေး မျက်ခြေမပြတ်ကြစေရန်-မြန်မာ့နိုင်ငံရေး ဇာတ်ခုံကြီးတွင် အခကျဲးငယ်ကလေး အဖြစ် ဟာဒယ ရှင်ဆေး တိုက်ကျွေးရင်းဝမ်းမြောက်စွာ က,ပြ အသုံး ခံတော်ခံလိုက်ပါသည်။

ဒီမိုကရေစီတည်တံ့ရန် ကျိုးစားသော

ဖေသိန်း

၂၀-၁-၆၀။

BURMESE CLASSIC .com

---

ရှစ်ပြောင်ရှုစားသူပရိသတ်များခင်ဗျား

ဤ-ရုပ်ပြောင် စာအုပ်ကို (နောက်ဆက်တွဲ ကာတွန်းများထည့်သွင်း၍) ဒုတိယအကြိမ် ထပ်မံထုတ်ဝေလိုက်ရပါသည်။ ဤကဲ့သို့နောက်ဆက်တွဲကာတွန်းများနှင့်ထပ်မံထုတ်ဝေရခြင်းမှာ ရွေးကောက်ပွဲကြီး တရက်ထက်တရက် ပိုမိုနီးကပ်လာလေ အရေးကြီးသောသတင်းများ၊နိုင်ငံရေးလှုပ်ရှားမှုများ၊ ခြိမ်းခြောက်မှုများ၊ ဖက်ဆစ်ဆန်မှုများ၊ တနေ့တခြားများပြားလာမှုကြောင့် ထပ်မံထုတ်ဝေရခြင်းဖြစ်သည်။ ဤ စာအုပ်ငယ်ထွက်လာလာခြင်းရှုစားသူပရိသတ်အချို့က စာအုပ်ငယ်လှ ချည်လားဟုကျွန်ုပ်အားအပြစ်တင်ဝေဘန်ကြသည် သို့သော်-ကျွန်တော့အဘို့ ဤစာအုပ်ငယ်သည်ကြီးပင်ကြီးနေသေးသည်။ အဘယ်ကြောင့်ဆိုသော်ခြိမ်းခြောက်မှုများကြားတွင်ဤစာအုပ်ငယ်ကို ဖက်ကိုင်ရမည်မဟုတ်ပါလော။

မည်သို့ပင်ဖြစ်စေ ဤစာအုပ်ငယ်ကိုရှုစား၍ဆောင်ထားသူများသည်‘ဥဒေတယံ’သုတ်တော်ရွတ်သကဲ့သို့ ဘေးရန်ခပ်သိမ်း ကင်းဝေးကြပါစေဟု ဆုတောင်းလိုက်ပါသည်။ ဖေသိန်း ၂၆-၁-၆၀

www.burmeseclassic.com

www.burmeseclassic.com






ဇွန်လ ၂၀ ရက်။
အနောက်ဂျာမနီ ဘာလင်မြို့ ဆိုရှယ်လစ် ကွန်ဂရက်သို့တက်ရောက်ရန်
ဗမာပြည်ဆိုရှယ်လစ်ပါတီသို့လည်း ဖိတ်စာပို့ခြင်း။ (၅)

BURMESE CLASSIC .com

www.burmeselcassic.com

၂၉-၆-၅၉




ဇွန်လ ၂၉-ရက်

တနေ့ ဥါ်ပြိုရမည်ဖြစ်သော လက်ဂဲမတ်ခ်ိဆစ်ဆိုရှယ်လစ်ကြီး ဦးဗဆွေနှင့် (အမေရိကန့်ကွိုက်) လက်ျာ ဆိုရှယ်လစ်ကြီးဦးကျော်ငြိမ်းတို့ ခဏာပန်းသာ (၆) လက်တွဲလျက်ရှိစဉ်။

www.burmeseclassic.com




၆-၇-၅၉

ဇူလိုင်လ ၂-ရက်။

စုံစမ်းရေးကော်မရှင်–စုံစမ်းစစ်ဆေးသောကြောင့် ‌သွေးလန့်နေပြီ။

(၇)

www.burmeselcassic.com

www.burmeseclassic.com






ဇူလိုင်လ ၁၁-ရက်
တည်မြဲ ဥက္ကဋ္ဌကြီး ဦးဗဆွေ ထားဝယ်မြို့၌ ရဟန်းခံခြင်း။ (၈)

www.burmeselclassic.com

www.burmeseclassic.com




၁၀-၁-၅၉

ဩဂုတ်လ ၁၀-ရက်

သန့်ရှင်းတချို့ သန့်ရှင်းအဖွဲ့မှ နုတ်ထွက်၍ တည်မြဲသို့ကူးပြောင်းကြောင်း ကြော်ငြာများကို သတင်းစာများတွင် မကြာခဏ တွေ့နေရသည်။

www.burmeseclassic.com






ဩဂုတ် ၁၃ ရက်
နဝမ အကြိမ်မြောက် ပါလီမန် ပြည်သူ့ လွှတ်တော် ကျင်းပခြင်းနှင့် လူနေမှု အခြေအနေ။



www.burmeseclassic.com

www.burmeseclassic.com






စက်တင်ဘာလ ၁ ရက်

ကချင်ပြည်နယ် မြစ်ကြီးနားမှ ဆင်ဖြူတော်ကလေး ရန်ကုန် တိရစ္ဆာန်ရုံသို့ ရောက်ချိန်နှင့် နိုင်ငံရေးအခြေအနေ။



www.burmeseclassic.com

www.burmeseclassic.com




၁၄-၉-၅၉

စက်တင်ဘာလ ၉ ရက်

နိုင်ငံတော် အစိုးရက အလံနီ သခင်စိုးကြီးအား ဖမ်းဆီးပေးလျှင် ဆု တော် ငွေ တသိန်း ပေး မည် ဟု ကြေညာ ခြင်း။ (သခင်သန်း ထွန်း ဖမ်းမိလျှင်လည်း ဆု တော်ငွေ တ သိန်း ထုတ် ခဲ့ သည်။)



www.burmeseclassic.com

www.burmeseclassic.com




စက်တင်ဘာလ ၁၇-ရက်
“ညောင်မြစ်တူး-ပုတ်သင်ဥပေါ်” သော
နိုင်ငံရေးပြဿနာတွေနှင့် တနိုင်ငံလုံးတွင်
ဓမ္မန္တရာယ်တွေကို ရှုံ့ချနေချိန်....

(၁၃)

www.burmeseclassic.com

www.burmeseclassic.com

၁၆-၉-၅၉





စက်တင်ဘာ ၁၅-ရက်။

တည်မြဲ အမတ် ပေါင်းစုံ အစည်းအဝေး၌- တည်မြဲဥက္ကဋ္ဌကြီး ဦးဗဆွေက "သန့်ရှင်းတွင်-ဦးအုပ်စု သခင်အုပ်စု -ဗိုလ်အုပ်စုတွေ ကွဲကုန်ကြပြီ" ဟု ကိုယ့်မျက်ချေးကိုမမြင်ဘဲစွတ်စွဲသည်။

www.burmeseclassic.com

www.burmeseclassic.com




စက်တဘ်ာ ၂၇-ရက်
“သန့်ရှင်း ဖဆပလ၏လမ်းစဉ်သည် ပါလီမန်ဒီမိုကရေစီ လမ်းစဉ် ဖြစ်သည်”
(သန့်ရှင်း ဦးစီးညီလာခံ)



www.burmeseclassic.com

www.burmeseclassic.com

၂၉-၉-၅၉




စက်တင်ဘာလ ၂၆-ရက်
ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာ့ဧစေတီတော် ကုန်းမြေတွင်
သန့်ရှင်း ဖဆပလ ပြည်လုံးကျွတ်ညီးစီးညီလာခံသဘင်ကြီး စတင်ကျင်းပသည်။

"ဒီမိုကရေစီ ဘဝကို ထူထောင်ကြ စို့လော့"
(ဥက္ကဋ္ဌကြီး ဦးနုမိန့်ခွန်း)



www.burmeseclassic.com

www.burmeseclassic.com

၅-၁၀ ၁၉




အောက်တိုဘာလ ၂ ရက် (၁၇)

ရန်ကုန်မြို့တွင်ယနေ့ နေ့လည် ၁၂ နာရီခွဲမှစ၍ မိုးသည်းထန်စွာ ရွာလိုက်သော ကြောင့် နေရာ အနှံ့အပြား-ဗိုလ်ချုပ်တချို့နေရာတွင် ခါးလယ်လောက်အထိ ရေလျှံသွားသည်၊ ယခုနှစ်မိုးရာသီတလျှောက်လုံးတွင်ရေအပါဆုံးမိုးဖြစ်သည်။

www.burmeselclassic.com

www.burmeseclassic.com




အောက်တိုဘာလ ၁၁-ရက်

ဓါးမပါတီခေါင်းဆောင်ဟောင်း မဟာဗမာဒေါက်တာဗမော်က အင်္ဂလိပ်သတင်းစာကြီးတစောင်၌ ဦးနုကိုဓါတ်ခွဲ၍ဝေဘန်သောဆောင်းပါး တခုရေးသည်။ (၁၈)

www.burmeseclassic.com

www.burmeseclassic.com






ဒီဇင်ဘာလ ၁၆ ရက်
'သီတင်းကျွတ်ပွဲတော်'' ပြည်သူ့အိုးဝေသတင်းစာမျက်နှာဖုံး။ (၁၉)

www.burmeseclassic.com

www.burmeseclassic.com




၁၆-၁၀-၅၉

(၂၀)

အောက်တိုဘာ လ
၁၆-ရက်

အမတ်လောင်း ချို့
အဖမ်းခံကြရသည့် သ
တင်းများ မကြာခဏ
ပေါ်ထွက်လျက် ရှိစဉ်

www.burmeseclassic.com

www.burmeseclassic.com




မီးဒုတ်သတင်းစာ
ကြော်ငြာတခု


(၂၁)

အောက်ဘီဗာလ
၁၉-ရက်
ကြို့ပင်ကောက်နယ်
ကပိုင်သူခြွေးတည်မြဲ
တရားပွဲသတင်း

www.burmeseclassic.com

www.burmeseclassic.com

၂၂-၁၀-၅၉




အောက်တိုဘာလ ၂၀ ရက်။ စလေးလုံးပါတီမြဲခါပြည့်ဟူသော အမျိုးသား ပေါင်းစုံ မဟာမိတ် တတိယ အုပ်စု၏ ထိပ်သီး မဟာဗမာ ခေါင်းဆောင် ဒေါက်တာ ဘမော်က သတင်းစာ ရှင်းလင်းပွဲတွင် ဆီးတိုး ချိုးမွမ်းခန်းဖွင့်ခြင်း။



www.burmeselclassic.com

www.burmeseclassic.com




နိုဝင်ဘာလ ၁-ရက်

သန့်ရှင်း(အဝါ)နှင့် တည်မြဲ(အနီ)တို့၏ နိုင်ငံရေးပဋိပက္ခနှင့် ကြံ့ခိုင်ရေး(အစိမ်း)ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com






(၂၄)


နို၀င်ဘာလ ၇-ရက်

မင်းတုံးမင်းကြီးတည်ခဲ့သောမန္တလေးမြို့တော်၏-မန်းနှစ်တရာပွဲတော်ကြီးကိုမန္တလေးမြို့တွင်ကျင်းပချိန်
မင်းတုံးခေတ်၏သတင်းစာလွတ်လပ်မှု ရှေးဖြစ်ဟောင်းအောက်မေ့ဘွယ်

www.burmeselclassic.com

www.burmeseclassic.com

၁၂-၁၁-၅၉




နိုဝင်ဘာလ ၁၂ ရက်

ရွှေမန်း နှစ်တရာပြည့်
ပွဲတော်ကြီး ၏
နောက်ကွယ်မှ
ခြိမ်းခြောက်မှု။



www.burmeselcassic.com

www.burmeseclassic.com

၁၉-၁၁-၅၉




နိုဝင်ဘာ ၁၉-ရက်
ဒီမိုကရေစီခေါ်နှလုံး
ရောဂါ တိုက်ပွဲ
(၂၆)

www.burmeselclassic.com

www.burmeseclassic.com






နိုဝင်ဘာလ ၂၄-ရက် (အမျိုးသားနေ့)
အမေရိကံယဉ်ကျေးမှုနှင့် ကွန်မြူနစ်ဝါဒကြားမှ ဗမာ့အမျိုးသားစိတ်



www.burmeseclassic.com

www.burmeseclassic.com

၁၀-၁၁-၅၉



နေအာလွန်ပူလာပြီဆိုမှဖြင့်

လူထုဟာရှုမှန်အစက——မျက်မှန်နက်တတ်ပြီး-ဟန်ထုတ်ရပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အဂိပ်ထဲလဲရောက်ရော အမြင်မှန်
မြင်အောင်မျက်မှန်နက်ချွတ်ရတယ်ဟာရို့-



နိုဝင်ဘာလ ၃၀ ရက်

နယ်များ၌ မြူနီစီပါယ်လူကြီးရွေးကောက်ပွဲများ ကျင်းပလျက်ရှိရာ....

www.burmeseclassic.com

www.burmeseclassic.com






www.burmeselcassic.com

www.burmeseclassic.com




ဒီဇင်ဘာလ ၄ ရက်


"ရွေးကောက်ပွဲကြီးမှာ
နိုင် ရင် လဲ နိုင်မယ်-
ရှုံး ရင်လဲ နိုင်မယ်"

တည်မြဲ ကြွေးကြော်သံ



www.burmeseclassic.com

www.burmeseclassic.com




ဒီဇင်ဘာလ ၅-ရက်

"ကျုပ်တို့တည်မြဲအစိုးရတက်လျှင်-စသုံးလုံးအဖွဲ့ကိုဖျက်ပစ်မည်"
တည်မြဲခေါင်းဆောင်ဦးကျော်ငြိမ်း (သတင်းစာရှင်းလင်းပွဲ) (၃၂)

www.burmeseclassic.com

www.burmeseclassic.com

၁၄-၁၂-၅၉




ဒီဇင်ဘာလ ၁၀-ရက်

ဖိုက်ဖေ သးရီးယား ခေါ်-ဆင်ခြေထောက်ရောဂါ-ရန်ကုန်၌ လူကြီး ၁၀-ရာခိုင်နှုန်း၊ ကလေး ၄-ရာခိုင်နှုန်း၊ စမ်းသပ်အွေ့ရှိ၍ ခြင်ကောင် ၁၅-ရာခိုင်နှုန်းတွင်ရောဂါပိုးပါသည်။ (၃၃)

www.burmeselclassic.com

www.burmeseclassic.com

၁၆-၁၂-၅၉

# မကောင်းဘွဲ့ပုင်




နိုဝင်ဘာလ ၂၉-ရက်

ဦးကျော်ငြိမ်း။ ။ဒါနဲ့ပါတ်သက်ပြီး ဦးနုကို ခင်ဗျားတို့က တဆင့် မေးစမ်းပါရစေ။ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြုလုပ်ပေးမယ်ဆိုတာ ဘာလဲ-ဘယ်လိုလဲ.... (ဦးကျော်ငြိမ်း၏ သတင်းစာ ရှင်းလင်းပွဲ)



www.burmeselcassic.com

www.burmeseclassic.com

**ဥဒေါတယ်** ဘဝပြန်မလာ ၁၇၁-၂-၅၉



ဒီဇင်ဘာလ ၁၆-ရက် တည်ဆဲရှိသောပြည်သူ့လွှတ်တော် ပါလီမံကို ၁၉၅၉-ခု ဒီဇင်ဘာလ ၁၃-ရက် နေ့ နံနက်ပိုင်းမှစ၍ ဖျက် သိမ်းမည်၊




www.burmeseclassic.com

www.burmeseclassic.com

# ဥဒေါတယ်

## တေးသံနှင့်ဆဲသံ

၁၀-၁၂-၅၉




ဒီဇင်ဘာလ ၁၆-ရက်

သီချင်းရေး ဆရာ- စိန်မြမောင် သီ ဆို ရေး စပ်၍ ကိုခင်လတ်- ထားနှင့်- ခင်သန်း မြင့် တို့ သီဆို ထားသော ရွှေဝါရောင် အောင် တေးသံ သီချင်းကို အသံချဲ့စက်ဖြင့် နယ်သို့ ဖြန့်ချီခြင်း။



www.burmeseclassic.com

www.burmeseclassic.com

# ဥဒေတယ်

## မီးဒုတ်နဲ့ရေမှုတ်

၁၉-၁၂-၃၉




ဒီဇင်ဘာလ ၁၅-ရက်
"....ဗုဒ္ဓဘာသာ၊ နိုင်ငံ တော်ဘာသာ ဖြစ်ရေးနှင့် ပတ်သက်၍ ကျေညာချက် တစောင် ထွက်တည်မြဲတို့၏ ထုံးစံ အတိုင်း မီးဒုတ်တဘက် ရေမှုတ် တဘက် စကားကိုဆိုထားသည်။
(အိုးဝေ-ခေါင်းကြီး)



BURMESE CLASSIC .com

www.burmeselcassic.com

www.burmeseclassic.com




ဒီဇင်ဘာလ ၁၈-ရက် မော်လမြိုင်မြို့နီစီပယ်ရွေးကောက်ပွဲတွင် ၂၇-နေရာ ရှိသည့် အနက် ၂-နေရာတွင် တည်မြဲမှ ပြိုင်ဘက်မရှိ ရထားသဖြင့် ၂၅နေရာတွင် ရွေးကောက်ပွဲပြုလုပ်ရာ သန့်ရှင်းမှ ၂၅-နေရာစလုံးနိုင်သွားသည်။

BURMESE CLASSIC .com



www.burmeselcassic.com

www.burmeseclassic.com

# ၇ဒေတယ် မဲစာရင်း သွင်းကြပါ ၂၁-၁၂-၅၉




ဒီဇင်ဘာလ ၂၁-ရက်
တည်မြဲ တို့က မဲစာရင်း မပါ
သူအား ငါးကျပ် အကုန် ခံ၍
သွင်းပေး သော် လည်း ငါးကျပ်
တန်ထဲမှ အမျိုးသမီး မှား ကား
လုံချည်ဝါယက်လျက်....

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

# ဥဒေတယ်

ဂျီအီးဂျီလန့် ၂၂-၁၂-၅၉




ဒီဇင်ဘာလ ၂၂-ရက် ရွေးကောက်ပွဲကြီးအတွက် ရပ်ကွက်မဲဆွယ်တရားပွဲများ ကျင်းပနေပြီ။



www.burmeseclassic.com

www.burmeseclassic.com

၂၃-၁၂-၅၉

## ဥဒေါတယ်

## ပေးကြကမ်းကြပါခင်ဗျား




ဒီဇင်ဘာလ ၁၈-ရက်
ရွေးကောက်ပွဲအနိုင်ရရှိ၍
စီးကရက်-ငံပြာရည် အစိုးရ တက်နိုင်ရန်
မဲဝယ်ရေးအတွက် စက်ပိုင်ရှင် အချို့က
ငွေငါးသောင်း လှူဒါန်းသည့် လျှို့ဝှက်အ
ခန်းနားတရပ်ကို ကန်တော်ကြီး ဦးထွန်း
မြတ်လမ်း အိမ့်တအိမ်၌ ကျင်းပသည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

၂၄-၁၂-၅၉

# တူသလားတန်သလား




ဒီဇင်ဘာလ ၂၁-ရက်
ရန်ကုန်မြို့ဦးရိစ္ဆာရလမ်း တပ်မတော်ကပွဲရုံကြီး၌ လုံခြုံရေး ကောင်စီညီလာခံကြီးတွင် "မည်သူ့ဘက်ကိုမှ မျက်နှာမလိုက်ဘဲ ရွေးကောက်ပွဲကြီးတွင် တိုင်းပြည်က ကြိုက်ရာရွေးပါစေ တိုင်းပြည်အနေဖြင့် သူနှင့်တန်သည့် အစိုးရကို သူရရှိလိမ့်မည်"

(ဝန်ကြီးချုပ်-ဗိုလ်ချုပ်ကြီးနေဝင်း မိန့်ခွန်း)



www.burmeseclassic.com

www.burmeseclassic.com

၂၅-၁၂-၅၉

## ခရစ်စမတ်လက်ဆောင်




ဒီဇင်ဘာလ ၂၅-ရက်
နာတာလူးပွဲတော်-ခရစ်စမတ်နေ့။



BURMESE CLASSIC .com
www.burmeselcassic.com

www.burmeseclassic.com

# ဥဒေါတာယ်

ဆန်းအောင်ဖြ-တကျွန်းစံ

၂၆-၁၂-၃၉




ဒီဇင်ဘာလ ၂၃-ရက်
ကိုကိုးကျွန်းမှ နိုင်ငံရေး အကျဉ်းသား
များအား ဒီဇင်ဘာလ ၃၁-ရက်နေ့မ
တိုင်မီ ရန်ကုန်အရောက်ပြန်ခေါ်မည်။



www.burmeseclassic.com

www.burmeseclassic.com

ကြောက်ပြေး-ကျားရှေ့လဲ

၂၇-၁၂-၅၉




ဒီဇင်ဘာလ ၂၆-ရက်
(ဆောင်ပုဒ်) "ထိရင် ကြောက်ပြီး!
ထွက်မပြေးနှင့်....."
(တောင်ဥက္ကလာပဦးနု၏
လူထုတရားပွဲ)



www.burmeseclassic.com

www.burmeseclassic.com

## ဥဒေါတယ် တည်မြဲကြွေးကြော်သံ ၂၀-၁၂-၅၉




ဒီဇင်ဘာလ ၂၇-ရက်

“တည်မြဲတွေဟာ ရွေးကောက်ပွဲမှာ နိုင်ရင်လဲနိုင်မယ်၊ ရှုံးရင်လဲနိုင်မယ်လို့ ပြောနေကြတယ်....”

(ဦးနု-မိန့်ခွန်း သိမ်ဖြူကွင်း လူထုအစည်းအဝေးပွဲ)



www.burmeseclassic.com

www.burmeseclassic.com

**ငဒေတယ်** လူထည်မြို့ ပွဲသန့်ရှင်း ၂၉-၁၂-၆၉




ဒီဇင်ဘာလ ၂၇-ရက်
"ပြည်ထောင်စု တခုလုံးမှာ-
လ တ မ သ - ဆိုတဲ့ အသံကြီး လေးလုံး
ပေါ်နေပါပြီ...."
(ဦးနု-မိန့်ခွန်း သိမ်ဖြူကွင်း
လူထုအစည်းအဝေးပွဲ)



www.burmeseclassic.com

www.burmeseclassic.com

၇၆၃၀တယ် ဦးနုပြောမသောပုံပြင် ၃၀-၁၂-၃၉




BURMESE CLASSIC .com

ဒီဇင်[redacted]ာလ ၂၇-ရက်
"ယုံနဲ့ လိပ် အပြေးပြိုင်တဲ့အခါ ယုံက ဘဝင်မြင့်ပြီး ပေါ့ဆဆ လုပ်မိသတဲ့။ လိပ်လိုရှုံးရတာမျိုး မဖြစ်ကြပါစေနဲ့။"
(ဦးနု-သိမ်ဖြူကွင်းလူထု အစည်းအဝေးပွဲ)

www.burmeseclassic.com

www.burmeseclassic.com




ဒီဇင်ဘာ ၁၁-ရက်
"--အယံသူရိယော၊ ဤနေမင်းသည်။ ယသ္မာ- အကြင်ကြောင့်။ ဥဒေတိ၊ တက်၏...." (မောရသုတ်)

(မှတ်ချက်) ကျွန်တော့အား- ဥဒေတယ်ဆိုတာဘာလဲ ဟု အိုးဝေ သတင်းစာ ပရိသတ်များက မေးကြ လွန်း၍၊ ဤကာတွန်းရေးဆွဲ၍ ဖြေလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com




ဇန္နဝါရီလ-နှစ်ဆန်းတရက် (၁-၁-၆၀) (၅၀)
"တောင်သူလယ်သမားနေ့" ပြည်အိုသူ့ဝေးသတင်းစာ မျက်နှာဖုံး

www.burmeseclassic.com

www.burmeseclassic.com



## ဖိုး၊ ကုန်း၊ ပေါ်




ဒီဇင်ဘာလ ၂၂ ရက် ရွေးကောက်ပွဲ ကြီးတွင် ဘ[illegible]မြို့ တို့ အနိုင်ရရန် အတွက် (တသီးပုဂ္ဂလ) အရေခြုံရန် အထူးလျှို့ဝှက် ညွှန်ကြား လိုက်ခြင်း။ (ရှာ)

www.burmeseclassic.com

www.burmeseclassic.com






လွတ်လပ် ရေးနေ့အထူးထုတ် မျက်နှာဖုံး



www.burmeseclassic.com

www.burmeseclassic.com



# ဥဒေတယ်

## ဗိုလ်နေမြဲ ကျားနေမြဲ




ဇန္နဝါရီလ ၁-ရက် သက်န်းကျွန်း- ကျိုက္ကစံဘုရားအနီးတွင်ကျင်း ပ သော ၁၂-ကြိမ် မြောက် တောင်သူ လယ်သမား နေ့ကြီး တွင် တည်မြဲညွန့်- ဦးဗဆွေက "အုပ်ချုပ်ရေးဘက်တွင် ဝင်လုပ်ကိုင် နေကြသည့် စစ်ဗိုလ်များကို မိမိအစိုးရ တက်လျှင် စစ်တပ်သို့ ပြန် ပို့ မည်" ဟု ပြောကြောင်း။

www.burmeseclassic.com

# ထမီမဲ-ထမီခြုံ

၇-၁-၆၀




ဇန္နဝါရီလ ၅-ရက် ရွေးကောက်ပွဲကြီးတွင် လမ်းမတော် မဲဆန္ဒနယ်မှတည်မြဲနိုင်ရန် ကုန်သည် လောကမှ နာမည်ကျော် နိုင်ငံရေး ကုန်သည် အမျိုးသမီးကြီး တဦး က ငွေ ၅ သိန်း အကုန်ခံကာ- အမျိုးသမီး ထုအား တူတယ် လုံချည်ဖြင့် မဲဆွယ် နေခြင်း။

www.burmeseclassic.com

ဥဒေါတယ်

# တရုပ်ဖြူ-မဲ

၉-၁-၆၀




ဇန္နဝါရီ ၉-ရက်
ဖဆပလကြီးတွင် နုတင်-ဆွေငြိမ်း ကွဲခါ
စက ဝန် ကြီး ချုပ် ဟောင်း ဦး နုက
ဆွေငြိမ်းအုပ်စုအား "ဗမာချန်ကေရှိတ်
တွေ" ဟုစွပ်စွဲခဲ့ဘူးသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဘားနှင့်ကျား

၈-၁-၆၀




ဇန်နဝါရီလ ၇ ရက်
အနောက်ဂျာမန် ကောင်း ကင် ဘား အဖွဲ့သည် မြို့တော်ခန်းမ မြောက်ဘက် လေးထပ် အစွန်းမှ ဆူးလေ လမ်း ကို ဖြတ်၍ ဗဟိုမီးသတ် မျှော် စင် ကြီးကို သွယ်နှီးတန်း သော ကြိုးတန်း ပေါ်၌ အစွမ်းပြပွဲကြီး ကျင်းပသည်။



www.burmeseclassic.com

www.burmeseclassic.com



## မယ်နီနီ မဲနီဆွယ်




၁၁-၁-၆၀


ဇန်နဝါရီလ ၁၁-ရက်
ရန်ကုန်မြို့ ကနေဒီကျွန်း လွတ်သဘင်
ပွဲတော်ကြီး၏ လှပျိုဖြို့ ဆင်ယင်ထုံးဖွဲ့မှု
ပြပွဲပြိုင်ပွဲကြီးမှ ရွေးကောက်ပွဲမဲဆွယ်
ဖက်ရှင်ပြိုင်ပွဲသို့

www.burmeseclassic.com

## ဥဩတယ်

# လမ်းနှစ်သွယ်

၁၂-၁-၆၀




ဇန်နဝါရီလ ၁၀-ရက်
"ဒီမိုကရေစီနှင့် ဖက်ဆစ် လမ်းနှစ်သွယ် ကြိုက်ရာ ရွေး၍ မဲပေးကြပေတော့"

ဥက္ကဋ္ဌကြီး ဦးနု
ဥက္ကလာ (မြောက်) (ဃ) ရပ်ကွက်
လူထု အစည်းအဝေးပွဲကြီး



www.burmeseclassic.com

www.burmeseclassic.com

# ဥဒေါတယ်

မာန်

၁၃-၁-၆၀




စါပေဗိမာန်ပန်းချီ
ပြပွဲမှ ပန်းချီကျော်
ဦးအုန်းလွင်ရေးဆွဲသည့်ဘီလူးပုံ- မွှေနှိုး-အသက်သွင်းသည်-

ဇန်နဝါရီလ ၁၃-ရက်
တတိယ အကြိမ်မြောက် ပန်းချီ
ပြပွဲကြီးကို စာပေဗိမာန်ခန်းမ၌
ကျင်းပသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဥဒေါတယ်

## ဟစ်တလာ နှစ်ကိုယ်ခွဲ




၁၄-၁-၆၀

ဒီဇင်ဘာလ ၂၄-ရက်
ခရာစ်စမတ်အကြိုနေ့တွင်
အနောက်ဂျာမနီ၌ ဟစ်တလာ၏
နာဇီ ဝါဒ သခၤားများ တစ်ခန်း
ထကြွလာပြန်သည်။

www.burmeseclassic.com

ဥဒေတယ်

# အောက်လမ်းဆရာ




၁၅-၁-၆၀

ဇန်နဝါရီလ ၁၄-ရက်
ရွေးကောက်ပွဲကြီး၌ မဲပေး ရာတွင် သေသူများကိုပါ မဲစာရင်းထည့်သွင်း၍ လူစားထိုး မဲပေးခြင်း မဲခိုးခြင်း၊ အိမ်ပြောင်းသွားသူများကိုလူစားထိုး မဲပေးခြင်းများကို ကြိုတင်ကာကွယ်သင့်သည်။



www.burmeseclassic.com

www.burmeseclassic.com

# ဥဒေတယ်

## သဲကုန်းလုပ်ကြံမှုကြီး




၁၆-၁-၆၀

ဇန်နဝါရီလ ၁၄-ရက် ပေါင်းတည်။ သန့်ရှင်းအမတ်လောင်း မြို့နယ်ဖြစ်သော ပြည်ခရိုင် သဲကုန်းမြို့နယ် သန့်ရှင်းဥက္ကဋ္ဌ ဦးချစ်မောင်နှင့်-မြို့နယ် ခေါင်းဆောင်များ ဂျစ်ကားနှင့် တရားဟောထွက်ရာ လမ်းမှ ဆီး၍ လက်ပစ်ဗုံး-စတင်းဂန်းလုံးပြုး တို့နှင့်ပစ်ခတ်လုပ်ကြံခြင်းခံရသည်။



www.burmeseclassic.com

www.burmeseclassic.com

## အဖွားအို၏ အလှဲ



ပုသိမ်မြို့ မြို့ရွေးကောက်ပွဲ တုန်းက ဖြစ်ပျက် ခဲ့သော "ဟား"ကွက်ကလေးတခုဖြစ်သည်။

မယ်ထမီနီတို့နှင့် မောင်တည်မြဲတို့သည် အင်တိုက် အားတိုက် မဲဆွယ်နေကြသည်။ အဖွားအိုကြီးတဦးကိုလည်းသွား၍ မဲဆွယ်ကြကာ မဲရုံအထိ ဖေးဖေး မ,မ, တွဲ၍ခေါ်လာကြသည်၊ မဲရုံရောက်သောအခါ တည်မြဲတဦးသည် အဖွားအိုအား အလွယ်တကူမဲပေးနိုင်ရန် အားလုံး စီစဉ်ပေးသည်။

တည်မြဲတဦး "ကဲ-အဖွား ဟောဒီမဲရုံမှူးဆီကမဲပြားကလေးယူသွားပြီးဟောဟိုအပေါက်ကသာဝင်သွားပေတော့ ကျွန်တော်တို့ဇိတ်ချမယ်နော်"

အဖွားအို လည်း မဲပြားကလေး ကိုင်ကာ ဝင်ပေါက်မှ မဲရုံထဲဝင်သွားသည်၊ တော်တော်နှင့်ထွက်မလာ တအောင့်လောက်ကြာမှ ထွက်ပေါက်မှထွက်လာသည်-ထွက်လာပြန်တော့လည်း မဲပြားကလေးကိုင်လျက်သား ထွက်လာသောကြောင့် မဲရုံရှိလူအားလုံးအံ့အားသင့်နေသည် အထူးသဖြင့် မယ်ထမီနီ-မောင်တည်မြဲတို့ ပိုရှုံမျက်လုံးပြူးနေသည်။

အဖွားအိုသည် ထွက်ပေါက်ဝမှ နေ၍ မယ်ထမီနီ-မောင်တည်မြဲတို့ဘက် လှည့်ပြီး အော်ပြောလိုက်သည်မှာ-

"ဟဲ့-မောင်ရင်တို့၊ ဟဲ့ သူငယ်တို့ ဘယ်ဘက်ကဟာ အဝါမဲပုံးလဲဟဲ့-'တဲ့"



www.burmeseclassic.com

www.burmeseclassic.com

# ဥဒေတယ်

## ဒီမိုကရေစီတိုက်ပွဲ




၁၇-၁-၆၀

ဇန်နဝါရီလ ၁၆-ရက်
"ရွေးကောက်ပွဲကြီးတွင် လူတိုင်းသည်
အသဲကြားက မဲတပြားကို
စဉ်းစဉ်းစားစား ချင့်ချိန်ကာ
ပေးစေလိုကြောင်း"။

ဦးနု-မိန့်ခွန်း
လမ်းမတော်တိုက်နယ်
လူထုစည်းဝေးပွဲ

www.burmeseclassic.com

ဥဒေဝတယ်

ဂျဲဒဲ ၁-မဲ




၁၉-၁-၆၀

ဇန်နဝါရီလ ၁၆-ရက်
တည်မြဲဦးကျော်ငြိမ်းသည်
၎င်းမဲဆန္ဒနယ် သိမ်ဖြူတောင်ပိုင်း၌
အိမ်ပေါက်စေ့တက်ကာ
"အပြတ်အသတ်မတော့
မလုပ်လိုက်ပါနှင့်
၆-မဲရှိလျှင် တမဲတော့ပေးပါ"ဟု
မျက်ရေခံ့ထိုးနေရှာ



www.burmeseclassic.com




# ဖရဲသီးတွေ

၂၀-၁-၆၀

ဇန္နဝါရီလ ၁၈-ရက်
တည်မြဲအဖွဲ့ချုပ်၏ ညွှန်ကြားချက်အရ
တည်မြဲတွေကိုသူကြီးများနှင့်
ကြံ့ခိုင်ရေးစည်းရုံးမှုအဖြစ်
ဝင်ရောက် လုပ်ကိုင်ကြသည့်အတွက်
တည်မြဲစည်းရုံးရေး
ကျဆင်းလာရသည်ဟု
တောင်ဥက္ကလာပ ၁၃-ရပ်ကွက်
အမှတ် (၁၁၄၃) နေအိမ်၌
မဲအနိုင်ရရှိရေးဆွေးနွေးပွဲတွင်
တည်မြဲကြီးဦးကျော်ငြိမ်း
ဝန်ခံသွားသည်။

www.burmeseclassic.com

## တဘက်ပင်းသူ

၂၁-၁-၆၀




ဇန်နဝါရီလ ၁၉-ရက်
"....ဥပမာမပြောရလျှင် ကျွန်တော်၏
မဲဆန္ဒနယ်ဟောင်း ဖြစ်သော
မအူပင်တောင်ပိုင်းတွင် တာဝန်ခံ
အာဏာပိုင်အချို့သည်
နိုင်ငံရေးပါတီတခုအတွက်
နယ်လူထုအား လိုက်လံခြိမ်းချောက်
နေသည်သာမက-ကျွန်တော့ကို ပင်လျှင်
မတွယ်မရှာ ပုတ်ခတ်ပြောဆိုကြောင်း
ကျွန်တော်ကြားသိရပါသဖြင့်...."

သမတကြီးထံမှ
ဗိုလ်ချုပ်သို့ပေးသော
စာတစောင်



www.burmeselcassic.com

www.burmeseclassic.com

# အာဏာစက်




၂၂-၁-၆၀

ဇန်နဝါရီလ ၂၀-ရက်
ဇန်နဝါရီလ ၃၁ နေ့သိမ်ဖြူကွင်းတွင်
ကျင်းပသည့် တည်မြဲတို့၏
လူထုစည်းဝေးပွဲအတွက် စက်မှုလက်မှု
အဖွဲ့ချုပ်မှ ပုဂ္ဂိုလ်ကြီးအချို့က
ငွေ ၂-သိန်းအကုန်ခံမည်ဟု
တည်မြဲကြီးဦးကျော်ငြိမ်းထံတွင်
ဂတိခံကြသည်။

www.burmeseclassic.com

၂၃-၁-၆၀

# ဥဒေါတာယံ

## တည်မြဲစည်းရုံးရေး




၂၃-၁-၆၀

BURMESE CLASSIC .com

ဇန်နဝါရီလ၂၆-ရက်
"တည်မြဲခေါင်းဆောင်အချို့၏
တရားပွဲများတွင်
လမ်းသူရဲကလေးများ မိန်းမရှာများကို
လှူစုရန် တာဝန်လွှဲအပ်ခြင်းစသော
နိုင်ငံရေးလောကအတွက်
မကြြားဝံ့မနာသာသာအမှုများကို
ပြုလျက်ရှိသည်။

မြည်သူ့ဆိုး ဝေခေါင်းကြီး



www.burmeseclassic.com

www.burmeseclassic.com

၂၄-၁-၆၉

# ဥဒေတာယ်

သမဝါယမ




၂၄-၁-၆၉

ဇန်နဝါရီလ ၂၃ ရက်
ယနေ့သည်
သက်တန့်ရောင်အလံလွှင့်ထူသော
ကမ္ဘာ့သမဝါယမနေ့ဖြစ်သည်။

# ဥဒေါတယ်

## တိုင်စာတွေ

၂၅-၁-၆၀




ဇန်နဝါရီလ ၂၅ ရက်
တည်မြို့တို့၏ လက်ပါးစေများသည်
မဲဆန္ဒနယ်အသီးသီးတွင်
လူထုနှင့်တခြားအမတ်လောင်းများအား
ခြိမ်းခြောက်ရမ်းကားမှုကြောင့်
အစိုးရထံသို့ တိုင်စာတွေ
တဖွဲ့ဖွဲ့ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



# ဘူးလ်ဖိုက်

၂၆-၁-၆၀

ဇန်နဝါရီလ ၂၂-ရက် ရန်ကုန်မြို့ စမ်းချောင်း-မဘွားဂရာတွင် ဦးနု၏ သန့်ရှင်း ဖ-ဆ-ပ-လ လူထုတရားပွဲကျင်းပနေစဉ် တည်မြဲ တစုက နွားသိုးနက်တကောင်ကို အရက်တိုက်၍လူထုကြီးထဲသို့ မောင်းလွှတ်သဖြင့် ရှုတ်ရှက်ယက်ယက် ဖြစ်သွားသည်။

(မှတ်ချက်) ဘူးလ် ဖိုက် ခေါ် လူနှင့်နွားသတ်ပွဲမှာ စပိန်ပြည်၏ ပွဲကြီး ပွဲကောင်း ဖြစ်၏။ နွားသည် အဝတ် နီနီမြင်တိုင်း လိုက်ဝှေ့သည်ဟူ၏။

www.burmeseclassic.com

ဥဒေါတယ်

# သခင်နုနှင့်ဦးနု




၂၇-၁-၆၀

ဇန်နဝါရီလ ၂၅ ရက်
"သခင်နုနှင့်ရဲဘော်ဘသိန်း ၂ ဦးတွင်
ရဲဘော်ဘသိန်းသည်လည်း
မခေကြောင်း
သခင်နုမပြုတ်ဘူးဟုမပြောနိုင်ကြောင်း
ခေတ္တဝန်ကြီးချုပ်ဦးလှန်ဘော်၏
လူမှုဝန်ထမ်းသင်တန်းဖွင့်လှစ်ပွဲမိန့်ခွန်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၂၀-၁-၆၀

# ဥဒေါတယ်

## သက်တန်းသချာ

၂၀-၁-၆၀




ဇန်နဝါရီလ ၂၀ ရက်
လူတိုင်းသက်တမ်း ၂ ဆနေလိုလျှင်
တည်မြဲကိုမဲပေးပါ" ဟူသော
တည်မြဲကြွေးကြော်သံပိုစတာများနှင့်
တည်မြဲလက်ပါးစေတို့၏
ရမ်းကားမှုမြိမ်းချောက်မှုတို့ကို
နှိုင်းယှဉ်ကြည့်ကြစို့

www.burmeseclassic.com

# ထီးကုပ်ကုပ်ဆောင်း




၂၉-၁-၆၀

ဇန်နဝါရီလ ၂၇-ရက်
ရှမ်းပြည်နယ် မိုးခေါင်ရေရှားရပ်
မြစ်ဝကျွန်းပေါ်နှင့်
တနင်္သာရီဒေသတို့၌
မိုး ထစ်ချုန်းရွာ၏။
ရန်ကုန်နှင့် အနီးတဝိုက်တွင်
မိုးစွေ၍အလွန်မြေကာ အုံ့ဆိုင်းနေ၏။
ရွာသွန်းသော မိုးရေချိန်မှာ
၀.၂၂-လက်မဖြစ်၏။


www.burmeseclassic.com




20 . 2 . 60

www.burmeseclassic.com

www.burmeseclassic.com




၁-၈-၃၁

ခန်နဝါရီလ ၂၁ ရက်

ရွှေးကောက်ပွဲကြီးနီးကပ်လ လေလေ-တည်မြဲတို့ စတန့်အမျိုးမျိုးထွင်လေလေ....
သို့သော်....စတန့်မှ စတွန့်ဖြစ်တော့မည် (၇၈)

www.burmeseclassic.com




www.burmeseclassic.com